
NEW IDEA
စိတ်ကူးသစ်စာပေ
မောင်ညိုမှိုင်း (သန်လျင်)
စီစဉ်သော
မိုးထိဘွား
အပါအဝင်
ဂမ္ဘီရဝတ္ထုတိုများ
ဆောင်းလုလင်၊ သိဟထိပ်တင်တော၊ မောင်ညိုမှိုင်း (သန်လျင်)၊ နတ်လှဦး၊ ထောင်မှူးကြီးသိန်းဝင်း

# အလောင်းကိုဗဟိုပြု၍ (၁)

ပြင်ဦးလွင်မှ အပြန်လမ်းတွင် ဤမျှ ထိတ်လန့်ချောက်ချားဖွယ်ကောင်းသော ဖြစ်ရပ်နှင့် ကြုံဆုံရမည်ဟု မထင်မှတ်ခဲ့မိပါပေ။

မန္တလေးမြို့အဝင် ဘိုဘိုးကြီးနတ်နန်းရှေ့သို့ရောက်ချိန်မှာ ည ၇ နာရီ ရှိပေပြီ။ ကျွန်တော်က ညာဘက်သို့ ကားကို ချိုးကွေ့လိုက်သည်။

ကျွန်တော့်အိမ်မှာ နန်းရှေ့တွင်ရှိသည်မို့ ပုသိမ်ကြီးလမ်းနှင့် ပြင်ဦးလွင်လမ်းကို တောင်မြောက်ဆက်သွယ်ထားသည့် လမ်းမကြီးအတိုင်း မောင်းနှင်ရမည်ဖြစ်ပေသည်။ ဤ လမ်းမှာ မကြာသေးသောနှစ်များ အတွင်းကမှ အသစ်ဖောက်လုပ်ထားသော လမ်းမကြီး ဖြစ်ပေ၏ ။ ကျွန်တော့်လို မန္တလေးမြို့၏ အရှေ့ဘက်ပိုင်းတွင် နေထိုင်သူများအတွက် အဆင်ပြေလှသော လမ်းတစ်လမ်း ဖြစ်ပေသည်။ မန္တလေးမြို့ထဲဝင်ပြီးမှ နန်းရှေ့သို့ပြန်ပတ် သွားရန် မလိုတော့။ ဖြတ်လမ်းသဖွယ် အချိန်တိုတိုဖြင့် သွားနိုင်သောလမ်းဖြစ်ပါသည်။

လမ်းမကြီးမှာ သစ်လွင်ဖြူးဖြောင့်နေသော်လည်း ဘေးဝဲယာမှာမူ လူနေအိမ်ခြေ မရှိ၍ တိတ်ဆိတ်နေပေသည်။ လမ်း၏ ညာဘက်ခြမ်းသည် ယာတောများ၊ လယ်ကွက်များ ဖြင့် အတိပြီး၏ ။ ဘယ်ဘက်ခြမ်းမှာ လမ်းမထက်နိမ့်သော မြေနိမ့်ပိုင်းဖြစ်၏ ။ လူနေကွက် များ နေရာချထားပေးပြီး ဖြစ်သော်လည်း နေသူမရှိသေး။ အကွက်ရိုက်ထားသော မြေကွက် များအတိုင်းပင်

ရှိလေသည်။

ပတ်ဝန်းကျင်မှာ လမိုက်ရက်ဖြစ်၍ မှောင်မည်းနေ၏ ။ လမ်းဘေးဝဲယာတွင် လမ်းကို အနားသတ်ထားသော သစ်ပင်ကြီးများသာရှိပေ၏ ။ လမ်းမကြီးမှာ မြေဖို့ပြုပြင်ထားသော လမ်းဖြစ်၍ လမ်းဘေးနှစ်ဖက်ထက် ပို၍ မြင့်နေပေသည်။ ထို့ကြောင့် လေက အတားအဆီး မရှိ တိုက်ခတ်နေသည်။

ကျွန်တော်က ကားမီးရောင်ကိုသာအားကိုး၍ ဖြည်းညှင်းစွာမောင်းလာခဲ့လိုက်သည်။

၃၅ လမ်းကို ကျော်လွန်လာသည်။

၃၅ လမ်းနှင့် ၂၆ လမ်းကြား အလည်လောက်အရောက်တွင် လမ်း၏ ဘယ်ဘက် ကုန်းနိမ့်ပိုင်းဆီမှ လမ်းမပေါ်တက်လာသော အရိပ်တစ်ခုကို မြင်လိုက်ရလေ၏ ။ အမျိုးသမီး တစ်ယောက်၏ ပုံရိပ်ဖြစ်ပေသည်။

အမျိုးသမီးက လမ်းမအလယ်အထိ လျှောက်လှမ်းလာပြီး လမ်းအလည်ခေါင် တည့်တည့်၌ ရပ်နေလေ၏ ။ သူမက လည်တွင်စည်းထားသော ပဝါကိုဖြုတ်ကာ ပဝါကို ဝှေ့ရမ်း လိုက်သည်။ ပဝါဖြူဖြူလေးသည် လေထဲတွင် တလွင့်လွင့်လွင့်နေ၏ ။ ကျွန်တော့်ကားကို တားနေခြင်းပင်ဖြစ်ပါသည်။

သူမက လမ်းအလယ်တည့်တည့်တွင် ရပ်နေသည်မို့ ကားကို ရပ်မပေး၍ မဖြစ်သည့် အနေအထားဖြစ်နေသည်။ ကျွန်တော်လည်း ကားကို ဘရိတ်နင်း၍ ရပ်လိုက်ရလေသည်။

ကားလေးက သူမနှင့်မဝေးကွာလှစွာ တံ့ခနဲရပ်သွားလေ၏ ။

အဝါရောင်ပေါ်တွင် အနက်ရောင် အစက်အပြောက်များပါသော ဝတ်စုံကို အထက် အောက်ဆင်တူ ဝတ်ဆင်ထားသော သူမသွင်ပြင်က ကားမီးရောင်တွင် ထင်းထင်းပေါ်လာလေသည်။

သူမ၏ ဟန်က ထိတ်လန့်ချောက်ချားနေပုံ အထင်းသားပေါ်နေပေ၏ ။ သူမက ကား မီးရောင်၏ စူးရှမှုကို မခံနိုင်ဟန်ဖြင့် မျက်နှာရှေ့ကို လက်နှင့်ကွယ်လိုက်သည်။

ချက်ချင်းပင် သူမသည် ကားကို ကွေ့ပတ်ကာ ကျွန်တော်ထိုင်နေသည့်ဖက်သို့ လျှောက်လာလေသည်။

ကျွန်တော်က သူမကို မေးရန်ပြင်ဆဲမှာပင် သူမက ဦးအောင်ပြောလိုက်လေသည်။

"ကျွန်မ အလောင်း၊ ကျွန်မအလောင်း"

ကျွန်တော်သည် သူမပြောခဲ့သော စကားကို ဘယ်လိုမှ နားမလည်နိုင်အောင်ရှိနေရ၏ ။

သစ်ပင်အောက်အရောက်တွင် သူမက ကားရှိရာသို့ နောက်တစ်ဖန်လှည့်ကြည့် လိုက်သည်။ ကျွန်တော့်ကို လက်ယက်၍ ခေါ်သည်။ သစ်ပင်အောက်သို့ လက်ညှိုးထိုးပြသည်။

ထို့နောက်သူမသည် သစ်ပင်၏ မှောင်ရိပ်အကွယ်သို့ ဝင်ရောက်ကာ ပျောက်ကွယ် သွားလေ၏ ။

ကျွန်တော်သည် သိလိုဇောဖြင့် ဘာမှဆက်စဉ်းစားမနေတော့။ ကားကိုစက်သတ်ကာ ကားပေါ်မှဆင်းလိုက်သည်။ ကားမီးများကိုမူ ဖွင့်ထားခဲ့လိုက်၏ ။

ကျွန်တော်က သူမခေါ်ငင်သွားသော သစ်ပင်အောက်သို့ အလျှင်အမြန်ရောက်အောင် သွားလိုက်လေသည်။

ထိုအခါ ...

လမ်း၏ ဘယ်ဖက်ခြမ်းမှာ မြေနိမ့်ပိုင်းမို့ သစ်ပင်အရင်းသည်

မြေနိမ့်ပိုင်း၌ ရှိနေပေသည်။ သစ်ပင်အရင်းကိုရောက်ရန် ဆင်ခြေလျှောအတိုင်း ဆင်းသွားရမည် ဖြစ်ပါ၏ ။

ကျွန်တော်က ကားမီးရောင်ဖြင့် မြင်ရသမျှ သစ်ပင်အောက်မှ မြင်ကွင်းကို ကြည့်လိုက်သည့်အခါ ...

သစ်ပင်အောက်တွင် လဲကျနေသော မိန်းမတစ်ယောက်ကို မြင်လိုက်ရလေ၏ ။ လဲနေသောမိန်းမမှာ စောစောက ကျွန်တော့်ကားကို တားခဲ့သော အမျိုးသမီးပင် ဖြစ်ပေသည်။ သူမ၏ ကိုယ်တွင် ကျွန်တော်မြင်လိုက်ရသော အဝါတွင် အနက်ပွင့်များ ဖောက်ထားသည့် အဝတ်အစားများ ဝတ်ဆင်ထားပေ၏ ။

လဲနေသော ထိုမိန်းမ၏ ဘေးတွင် ... လူတစ်ယောက်က ဒူးထောက်ထိုင်ကာ သူမကို ငုံ့လျှက်ကြည့်နေပေသည်။

ကျွန်တော် သစ်ပင်ရင်းရောက်သည်အထိ ဆင်းသွားလိုက်သည်။

ဒူးထောက်ငုံ့ကြည့်သောလူသည် ကျွန်တော် အနီးရောက်လာမှ သတိဝင်လာသည့် သဖွယ် ကျွန်တော့်ကို ခေါင်းမော့ကြည့်လိုက်လေသည်။

"ကျွန်တော်သတ်တာမဟုတ်ဘူး၊ သူ့ကို ကျွန်တော်သတ်တာမဟုတ်ဘူး"

သူက သွေးရူးသွေးတန်းဖြင့် ကျွန်တော့်ကိုပြောလိုက်ကာ ထွက်ပြေးတော့မည်ကဲ့သို့ ဟန်ပြင်လိုက်သည်။

ကျွန်တော်က အလျှင်အမြန်ပင် သူ့လက်ကို လှမ်းဆွဲထားလိုက်၏ ။

"ဟေ့ - နေဦး၊ မင်းမပြေးနဲ့၊ ဘာဖြစ်တာလဲ၊ မင်းဘာလုပ်နေတာလဲ"

"မဟုတ်ဖူး၊ သူ့ကို ကျွန်တော်မသတ်ဘူး အစ်ကို၊ သူဘယ်သူမှန်းလဲ ကျွန်တော်မသိဘူး"

"ဒါဖြင့် ဒီနေရာကို မင်းဘယ်လိုရောက်နေတာလဲ"

"သူ - သူခေါ်လို့"

"ဘာကွ"

"ကျွန်တော့်ကို ကျွန်တော့်ကို အိပ်မက်ပေးပြီး လှမ်းခေါ်လို့ပါ အစ်ကို"

"ဟင် ..."

သူ့မျက်နှာမှာ ကြောက်ရွံ့ထိတ်လန့်ဟန်များ မဖုံးနိုင်အောင်ပေါ်နေသည်။ ကား မီးရောင်ဖြင့် ခပ်ရေးရေးမြင်ရသည့်မျက်နှာမှာ အသက် ၁၇-၁၈ ခန့်သာရှိဦးမည့် လူငယ်တစ်ဦး၏ မျက်နှာဖြစ်သည်

ကျွန်တော်သည် လူငယ်ရှင်းပြနေသော စကားများကို မဆန်းစစ်နိုင်သေး။ လဲကျသေဆုံးနေသော အမျိုးသမီးကိုကြည့်၍ ပဟေဠိများစွာဖြစ်ပေါ်နေရလေသည်။ အမျိုးသမီးသည် ကျွန်တော့်ကားကို လက်တားပြီး ဤသစ်ပင်အောက်သို့ ဝင်သွားသွားခြင်း ဘာကြောင့် ချက်ချင်းသေဆုံးသွားရသနည်း။

ချက်ခြင်းသေဆုံးသွားခြင်းရော ဟုတ်နိုင်သလား။

ကျွန်တော်သည် ဆရာဝန်တစ်ယောက်ဖြစ်သည့်အားလျော်စွာ လဲကျနေသူကို အမှန် တကယ်သေဆုံးခြင်း ဟုတ်၊ မဟုတ်နှင့် ဘယ်အချိန်က သေဆုံးခဲ့သည်ကို သိရရန် စစ်ဆေးကြည့်ဖို့ သတိရလိုက်သည်။

"တကယ်ပါဗျာ၊ သူ့ကို ကျွန်တော်သတ်တာ မဟုတ်ပါဘူး"

လူငယ်က သူ့အပေါ် သံသယရှင်းအောင် ရှင်းပြနေဆဲပင်။

"မင်း မပြေးနဲ့နော်၊ ဒီနေရာမှာပဲရပ်နေ"

ကျွန်တော်က အလောင်းကို မီးခြစ်နှင့် တွဲထားသော ဓာတ်မီးကလေးဖြင့် ထိုးကြည့်လိုက်၏ ။

အလောင်း၏ ရင်အုံဆီမှ ယင်ကောင်တစ်အုပ် ဝုန်းခနဲ ထပျံသွားလေသည်။

ရင်ဘတ်ဆီမှ အိုင်ထွန်းအောင် ထွက်ကျနေသောသွေးများကို မြင်လိုက်ရသည်။ သွေးများက မြေကြီးပေါ်နှင့် မြက်ခင်းပေါ်မှာ စေးထန်းပျစ်ခဲနေ၏။ ညှီစို့စို့သွေးနံ့က အော့အန်ချင်စဖွယ် ပျံ့လွင့်နေပေသည်။

သူမသည် လောလောလတ်လတ်သေဆုံးခြင်းမဟုတ်။ ယင်ကောင်များအုံနေခြင်း၊ သွေးများခဲနေခြင်းတို့က အလွန်ဆုံး နာရီပေါင်း ၂၀ ကျော်ကြာလောက်က သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း အတွေ့အကြုံများအရ ကျွန်တော်သိလိုက်သည်။

ရင်အုံကို ထိုးဖောက်ထားသော လက်နက်တစ်စုံတစ်ရာကိုမူ အနီး၌ မတွေ့ရချေ။

လွန်ခဲ့သော တစ်ရက်ကျော်က သေဆုံးခဲ့သော မိန်းမသည် ဘယ်လိုလုပ်၍ လမ်းမ ပေါ်တက်လာပြီး ကျွန်တော့်ကားကို တားသနည်း။ ကားကို လက်ပြ၍ တားခဲ့သူမှာ သူမ ကိုယ်တိုင်လား၊ အခြားတစ်ယောက်လား။ သူမနှုတ်မှ ကျွန်မအလောင်း သစ်ပင်အောက် မှာရှိတယ်ဟု ပြောခဲ့ပြန်သေးသည်။

ကျွန်တော်က အလောင်းကို နောက်တစ်ဖန် ငုံ့ကြည့်လိုက်ပြန်၏ ။ ထိုအခါ သေသူ၏ ဘေး သွေးအိုင်ထဲတွင်ကျနေသော ပဝါဖြူဖြူလေးကိုမြင် လိုက်ရလေသည်။ ထိုပဝါလေးမှာ သူမလည်တိုင်မှဖြုတ်၍ ဝှေ့ရမ်းပြသော ပဝါလေးဟု ကျွန်တော်ထင်မိသည်။

သေချာအောင် သေသူမျက်နှာကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ပြန်၏ ။ ကားကိုတားခဲ့တာ သူမကိုယ်တိုင်ပါပဲ။

"ဟေး … မင်း သူ့ကို ဘယ်လိုတွေ့တာလဲ၊ မင်းကရော ဒီအနားကို ဘယ်လိုရောက် နေတာလဲကွ၊ ဟင်"

"ကျွန်တော် သူ့ကို မသတ်ဘူး အစ်ကို"

"အေး...အဲဒါထားဦး၊ ဒီအနားကို မင်းဘယ်လိုရောက်နေတာလဲ၊ ဘာလာလုပ်တာလဲ"

"ကျွန်တော် ... ကျွန်တော် အိပ်မက် ... အိပ်မက်ကြောင့် လာခဲ့တာပါဗျာ၊ သူက ကျွန်တော့်ကို ဒီနေရာလာဖို့ အိပ်မက်ထဲကနေ ခေါ်လို့"

"ဘာကွ"

ကျွန်တော်တို့စကားပြောနေစဉ် ဆိုင်ကယ်တစ်စီးက မြောက်ဘက်မှ တောင်ဘက်သို့ အရှိန်ပြင်းစွာ မောင်းနှင်သွားသည်ကို တွေ့လိုက်ရသည်။

ထိုဆိုင်ကယ်က မလှမ်းမကမ်းအရောက်တွင် ဘရိတ်ကို ရုတ်တရက်နင်း၍ ရပ်လိုက်ရာ အမြန်ပြေးနေသော အရှိန်ကြောင့် ဆိုင်ကယ်မှာ ယိမ်းထိုးရင်း ရပ်သွားလေသည်။

ဆိုင်ကယ်သည် နောက်ကြောင်းပြန်လှည့်ကာ ကျွန်တော်တို့အနားသို့ ရောက်လာ၏။

ဆိုင်ကယ်ပေါ်မှလူက ဆိုင်ကယ်မီးဖြင့် ကျွန်တော်တို့ရှိရာသို့ ထိုးလိုက်သည်။

ဆိုင်ကယ်ပေါ်မှလူသည် ဆိုင်ကယ်ကို စက်မသတ်ဘဲ ထားခဲ့ကာ ဆိုင်ကယ်ပေါ်မှ ဆင်းလာလေ၏။ ဆိုင်ကယ်ရှေ့မီးရောင်ကြောင့် သေသူမိန်းမကိုရော၊ ကျွန်တော်တို့ နှစ်ယောက်ကိုပါ ရှင်းလင်းစွာ မြင်နေရသည်။

"ဟင် ... မမ၊ မမမော်၊ ဟာ ... မမမော်ရယ်၊ ကျွန်တော် ထင်သလိုဖြစ်နေပြီ၊ မမမော်... မမမော်"

ဆိုင်ကယ်ပေါ်မှ ဆင်းလာသောလူငယ်က လဲကျသေဆုံးနေသော မိန်းကလေးကို မြင်သွားကာ အလောင်းအနီးသို့ ပြေးသွားလေ၏။

“ဟင် - မမဓော်၊ သေနေပြီ၊ ဟာဗျာ ခင်ဗျားတို့ … ခင်ဗျားတို့ မမဓော်ကို သတ်လိုက်ကြတာ မဟုတ်လား၊ ဟင်”

သူက ကျွန်တော်တို့နှစ်ယောက်ဘက်လှည့်ကာ စွပ်စွဲလိုက်သည်။

“လာပြန်ပြီ တစ်ယောက်၊ မင်းကရော ဘယ်သူလဲကွ”

“ကျုပ် မမဓော်ရဲ့ ချစ်သူ၊ မမဓော်ကို ခင်ဗျားတို့ သတ်တာ၊ ခင်ဗျားတို့ …”

“အိုး …. ကျုပ်သတ်တာမဟုတ်ဘူးဗျ၊ ကျုပ်လာတော့ သူသေနေပြီ”

ဆိုင်ကယ်ပေါ်ကလူ စွပ်စွဲသလို ကောင်လေးကလည်း သွေးရူးသွေးတန်း ငြင်းနေ ပြန်လေသည်။

“မင်းတို့နှစ်ယောက်စလုံး တော်ကြစမ်း၊ ပြဿနာကို အေးအေးဆေးဆေး ရှင်းဖို့လို တယ်ကွ”

ကျွန်တော်က သူတို့ကို ငေါက်ရင်း ပြောလိုက်သည်။

ဆိုင်ကယ်လူငယ်က ကျွန်တော့်ပြောစကားကို နားမဝင်ပါ။

သူက မြေပေါ် ဒူးထောက်ထိုင်ချလိုက်ရင်း အလောင်းကို ပွေ့ချီဖို့ ဟန်ပြင်နေ၏ ။

“မမဓော် မမဓော် ဖြစ်မှဖြစ်ရလေ မမဓော်ရယ်”

“ဟေ့ - အလောင်းကို သွားမထိနဲ့”

လူငယ်က ကျွန်တော့်ကို မျက်နှာထားတင်းတင်းနှင့် ပြန်ကြည့်ကာ -

“ခင်ဗျားနဲ့ ဘာဆိုင်လဲ၊ ခင်ဗျားတို့ ဒီမှာ ဘာလုပ်နေကြတာလဲ၊ မမဓော်ကို ခင်ဗျားတို့ သတ်လိုက်တာ”

“ဒီအမျိုးသမီးကို သတ်တာ ငါတို့နှစ်ယောက်လုံးမဟုတ်တာတော့

သေချာတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသမီးဟာ မနေ့ကကတည်းက သေနေတာမို့လို့ပဲ”

“ဘာ ...”

“ဒါကို ငါသေချာပြောရဲတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ ဆရာဝန်တစ်ယောက် ဖြစ်လို့ပဲ”

“ဟင် ...”

“ကျွန်တော် မသတ်ဘူးနော်၊ ကျွန်တော် သတ်တာမဟုတ်ဘူးဆိုတာ ထောက်ခံပေးပါ ဆရာရယ်”

“တိတ်တိတ်နေစမ်းပါ၊ အရေးကြီးတာက သက်ဆိုင်ရာကို အခုအကြောင်းကြားဖို့ပဲ၊ မင်းတို့ နှစ်ယောက်လုံး ဒီနားမှာပဲနေကြ၊ ဘယ်မှ ထွက်မသွားကြနဲ့”

ကျွန်တော်က ရဲစခန်းကို အကြောင်းကြားရန်အတွက် ခါးကြားမှ လက်ကိုင်ဖုန်းကို ထုတ်လိုက်သည်။

ခင်မောင်ကြည်သည် နေ့ပိုင်းတွင် ဈေးချိုအနီးရှိ ကုလားကုန်မာဆိုင်တစ်ခု၌ အလုပ်လုပ်သည့် အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ယောက်ဖြစ်သည်။ ခင်မောင်ကြည့်မှာ မောင်နှမငါးယောက်ရှိ၍ သူကအကြီးဆုံးဖြစ်သည်။ သူတို့အိမ်ကလေးသည် အဖေရယ်၊ အမေရယ်၊ မောင်နှမငါးယောက်ရယ်ဖြင့် အမြဲပြည့်ကျပ်နေတတ်သည်။

လွန်ခဲ့သောတစ်လမှစ၍ ကုန်မာဆိုင်ပိုင်ရှင် ကုလားကြီးက ညပိုင်းတွင် သူဝယ်ထားသော ခြံဝင်းထဲ၌ သွားစောင့်အိပ်ပေးဖို့ ခင်မောင်ကြည့်ကို တာဝန်ပေးသည်။

“အိမ်ဆောက်ဖို့မြေဖို့ပြီးပြီ၊ အိမ်ဆောက်ပစ္စည်းတချို့ကို တဲထိုးပြီး

ဟိုမှာပို့ထားမယ်၊ အဲဒီ မှာ မင်းသွားစောင့်မလား၊ မင်းကို ညစောင့်လခ သပ်သပ်ပေးမယ်”

အိမ်မှာနေရသည်မှာ ကျဉ်းကျပ်လှသည်နှင့် ခြံညစောင့်အလုပ်ကို ခင်မောင်ကြည် လက်ခံလိုက်သည်။

ကုန်မာဆိုင်အလုပ်ကဆင်းရင် အိမ်မှာထမင်းဝင်စား၊ ညနေခြောက်နာရီ ခြံကို အ ရောက်လာရသည်။ ခင်မောင်ကြည်ရောက်မှ အိမ်ဆောက်ရန်စီစဉ်နေသော သူဌေးညီက ခင်မောင်ကြည့်ကို ခြံသော့အပ်ပြီးပြန်သည်။

ညစောင့်လခ တစ်လတစ်သောင်း အပိုဝင်ငွေရလိုသည့်အတွက် ခင်မောင်ကြည် အဆင်ပြေနေလေသည်။

သူစောင့်သောခြံဘေးမှ အခြားခြံများသည် အကွက်ရိုက်ရုံရိုက်ထားပြီး လူမနေသေး၊ အိမ်ဆောက်ဖို့က ဤနေရာရှိ မြေကွက်များအားလုံးကို ဖြ ပေခန့်မြေဖို့ပြီးမှ ဆောက်နိုင်လေ သည်။ မြေအနေအထားမှာ ချိုင့်ဝှမ်းကျပြီး ရေဝပ်သည့်အတွက် မြေဖို့ရခြင်းဖြစ်သည်။

ညဆိုလျှင် ကိုက်ငါးရာခန့်ရှိ ပတ်ဝန်းကျင်မှာ ခင်မောင်ကြည်တစ်ယောက်ထဲသာ ရှိသည်။ ဘက်ထရီမီးပွင့်လေးနှင့် ခင်မောင်ကြည် မကြောက်မရွံ့ နေခဲ့လေသည်။

မနေ့က ညကတော့ ...

ခင်မောင်ကြည် အိပ်ပျော်နေဆဲ ခြံရှေ့မှ တစ်စုံတစ်ယောက် လှမ်းခေါ်လိုက်သလိုလို။ အော်လိုက်သလိုလို အသံကြား၍ လန့်နိုးသွားခဲ့သည်။ ခင်မောင်ကြည့် စိတ်ထဲတွင် ခြံရှေ့တွင် တစ်ခုခုရှိနေသလို ခံစားရသည်။

ခင်မောင်ကြည် အိပ်ရာမှထကာ တဲတံခါးကိုဖွင့်၍ အပြင်သို့လှမ်းကြည့်လိုက်သည်။

ထိုအခါ ခြံရှေ့တံခါးဝတွင်ရပ်နေသော မိန်းမတစ်ယောက်သဏ္ဍာန်ကို မြင်လိုက်ရ လေသည်။ မိန်းမသည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားဟန်တူသည်။ အဝါရောင် အဝတ်အစားများကို ညအမှောင်ထုထဲတွင် ခပ်ရေးရေး မြင်နေရသည်။ ခင်မောင်ကြည် တံခါးဖွင့်လိုက်သည်နှင့် ခင်မောင်ကြည့်ကို လက်ယပ်၍ လှမ်းခေါ်လေ၏။

မကြောက်တတ်သော်လည်း ခင်မောင်ကြည် ကြက်သီးဖြန်းခနဲ ထသွားလေသည်။ ဒီလိုအချိန်မှာ ဒီနေရာကို ဘယ်မိန်းကလေးမှ ရောက်လာစရာ အကြောင်းမရှိဘူး။

မိန်းမသဏ္ဍာန်က လက်ယပ်လှမ်းခေါ်ပြီး သူမနောက်သို့ လိုက်ခဲ့ရန် အမူအရာပြကာ ခြံရှေ့မှ လှည့်ထွက်သွားလေသည်။ ခင်မောင်ကြည် အိမ်ထဲမှထွက်လာ, မလာကို တစ်ချက် ပြန်၍ လှည့်ကြည့်လိုက်သေးသည်။

ခင်မောင်ကြည်က သူမကို တစ်ခုခုမေးမြန်းရန် လှမ်းအော်ဖို့ ကြိုးစားလိုက်သော် လည်း အသံကထွက်မလာ။

ထိုနေရာမှာပဲ အိပ်မက်က လန့်နိုးသွားခဲ့သည်။ သူအိပ်မက်မက်နေခြင်းပါလား။

အိပ်မက်မှာ ဆန်းပြားလွန်းသောကြောင့် ခင်မောင်ကြည်ထထိုင်ကာ ကြောင်ငေးနေ သည်။ အိပ်မက်ထဲက အမျိုးသမီးကို လှမ်းအော်ဖို့ ကြိုးစားခဲ့သောကြောင့် အာခေါင်များ ခြောက်ကပ်နေသည်။

ခင်မောင်ကြည်က အိပ်ရာမှထကာ ရေတစ်ခွက်ကို အဂသောက်ချလိုက်၏။ ရေသောက်အပြီးတွင် အိပ်မက်ကိုသတိရကာ ဘာရယ်မဟုတ်ဘဲ တံခါးကိုဖွင့်၍ အပြင်သို့ လှမ်းကြည့်လိုက်လေသည်။

"ဟာင် …"

အနုံသြစရာပင်

အိပ်မက်ထဲမှာ သူတွေ့ခဲ့ရသော မိန်းမသည် ခြံကိုကျောခိုင်း၍ လျှောက်သွားလျက် ရှိသည်။ ခပ်ဝေးဝေးသို့ လျှောက်လှမ်းသွားနေသည့် မိန်းမသဏ္ဌာန်မှာ သူအိပ်မက်ထဲမှာ မြင်ခဲ့ရသည့်အတိုင်း အဝါရောင်ဝတ်စုံဖြင့် ...

သူမသည် ပုသိမ်ကြီး-ပြင်ဦးလွင် လမ်းမအစပ်နားအထိ လျှောက်သွားကာ သစ်ပင် တစ်ပင်အောက်အရောက်တွင် သစ်ပင်အောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

သူမက်ခဲ့သည့်အိပ်မက်ထဲကအတိုင်း အပြင်လောကတွင် မြင်တွေ့နေရသည်မှာ ဘာကြောင့်လဲ၊ ထိုမိန်းမသည် သူအိပ်နေစဉ် ခြံရှေ့အထိ တကယ်လာခဲ့လေသလား။

ခင်မောင်ကြည်သည် အိပ်မက်နှင့် တကယ့်အမြင်ရောထွေးနေသည့်အဖြစ်ကို စဉ်းစားမရဖြစ်ကာ ပြန်အိပ်မပျော်တော့ပေ။

ယနေ့တစ်နေ့လုံးလည်း အလုပ်ထဲမှာ ထိုအကြောင်းကိုသာ တွေးနေမိလေသည်။

ညပိုင်းမှာ ခြံထဲရောက်တော့ မနေ့ကအိပ်မက်အကြောင်းကို ပြန်တွေးမိပြန်သည်။ ခြံထဲမှနေ၍ မနေ့ညက အမျိုးသမီး ဝင်ရောက်ပျောက်ကွယ်သွားသည့် သစ်ပင်ဆီသို့ ငေးကြည့်နေမိသည်။ တကယ်တော့ လမ်းအစပ်နားမှ သစ်ပင်မှာ ခြံနှင့်အတော်လှမ်းပါသည်။ ခပ်ရေးရေးသာ မြင်ရသည်။

ခဏနေတော့ သူ့စိတ်ထဲက သစ်ပင်ဆီ သွားကြည့်ချင်စိတ်ပေါက်ကာ ခြံတံခါးကို သော့ခတ်ပြီး ခြံထဲမှ ထွက်လာခဲ့လေသည်။

ခင်မောင်ကြည် မကြောက်တတ်ပါ။ ကြောက်စိတ်လည်း မဖြစ်ပေါ်ခဲ့ပါ။ တစ်စုံတစ်ခုက တွန်းအားပေး ဆွဲဆောင်နေ၍ သစ်ပင်အောက်ကို ရောက်အောင်လာခဲ့ခြင်းဖြစ်သည်။

သစ်ပင်အောက်အရောက်မှာ ပက်လက်လဲကျနေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရသည် အဝတ်အစားများက မနေ့က သူမြင်ခဲ့သည့်အတိုင်း အဝါရောင်များ၊ သည် အထိလည်း အမျိုးသမီးကို မရှုမလှသေနေလိမ့်မည်ဟု ခင်မောင်ကြည် မထင်မိသေးပေ။

အမျိုးသမီးဘေးရောက်မှ ဒူးထောက်၍ ငုံ့အကြည့်တွင် ရင်ဘတ်မှာ ဒဏ်ရာဖြင့် သွေးများစီးကျကာ အသက်ထွက်နေသောအလောင်းကို မြင်တွေ့လိုက်ရခြင်းဖြစ်လေသည်။ ထိုအချိန်ကျမှ သူ့မှာကြောက်စိတ်တွေ ဝင်လာခြင်းဖြစ်လေသည်။

ခင်မောင်ကြည် အမျိုးသမီးအလောင်းကို ငုံ့ကြည့်လိုက်စဉ်အခိုက်မှာပင် ... ကား တစ်စီးက လမ်းမပေါ် ထိုးရပ်လိုက်သံကိုကြားရသည်။ ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်ကို မြင်ရသည်။ ထိုအခါမှ သူ့ကို လူသတ်သမားလို့ ထင်တော့မှာပဲဟု တွေးမိကာ ထွက်ပြေးရန်ပြင်မိခြင်း ဖြစ်လေသည်။

ကျွန်တော်က သူ့လက်ကို အလျှင်အမြန် လှမ်းဆွဲထားလိုက်၍ သာ ခင်မောင်ကြည် ထွက်မပြေးနိုင်ခြင်း ဖြစ်လေ၏ ။

"ယုံပါဗျာ၊ ကျွန်တော်ပြောတာတွေ အမှန်တွေပါ ဆရာတို့ရာ"

ရဲစခန်းအရောက်တွင် ... မောင်ခင်မောင်ကြည်က သူ့အတွေ့အကြုံများကို မချွင်းမချန် ပြန်ပြောပြရင်းမှ မိန်းမလေးကို သူမသတ်ကြောင်း ငြင်းဆိုလိုက်ပြန်သည်။

အလောင်းရှိရာသို့ ဆိုင်ကယ်ဖြင့် နောက်ဆုံးရောက်လာသည့်လူငယ်မှာ သော်ဇင်ထွေး ဆိုသူ ဖြစ်ပါသည်။

ရဲစခန်း၌ သော်ဇင်ထွေး၏ အစစ်ခံချက်မှာ အောက်ပါအတိုင်းဖြစ်ပါ၏ ။

"ကျွန်တော့်နာမည် သော်ဇင်ထွေးပါ။ ဂျိတီစီတက်နေပါတယ်။ ဂျိတီစီနောက်ဆုံးနှစ် ကျောင်းသားတစ်ယောက်ပါ။ ဇာတိက မိတ္ထီလာပါ။ အသတ်ခံရတဲ့ မသိင်္ဂီမော်နဲ့ တစ်မြို့ တည်းသားချင်းတွေပါ။ မသိင်္ဂီမော်ဟာ ကျွန်တော့်ချစ်သူပါဗျာ။ မမမော်က ကျွန်တော်ထက် အသက်သုံးနှစ်ပိုကြီးလို့ပါ။ ကျွန်တော်တို့ချင်း မိတ္ထီလာမှာကတည်းက ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါ"

သော်ဇင်ထွေး ဆယ်တန်းဖြေသည့်နှစ်တွင် သိင်္ဂီမော် မန္တလေးသို့ ရောက်လာခြင်း ဖြစ်သည်။ မိတ္ထီလာမှထွက်လာစဉ်က စားသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်ရန်ဖြစ်၏ ။ တကယ်လည်း ထိုစားသောက်ဆိုင်၌ တစ်နှစ်ကြာအောင် အလုပ်လုပ်ခဲ့ရပါသည်။

တစ်နှစ်ပြည့်တော့ စားသောက်ဆိုင်အလုပ်ထက် ပို၍ သက်သာပြီး ပို၍ ဝင်ငွေကောင်း သောအလုပ်တစ်ခုကို ဆက်သွယ်မိလေသည်။ သိင်္ဂီမော်နေသောအဆောင်မှာ မိန်းကလေး ၁၈ ဦးရှိရာ အားလုံး အလုပ်သမားများချည်း ဖြစ်သည်။ တက္ကသိုလ်ကျောင်းသူ တစ်ယောက်မှမပါ၊ ကုမ္ပဏီဝန်ထမ်း၊ အစိုးရဝန်ထမ်းနှင့် အခြားအလုပ်ဌာနများ၊ ဈေးဆိုင်နှင့် စတိုးဆိုင်များမှာ လုပ်ကိုင်သူများချည်း ဖြစ်သည်။ အတော်များများမှာ ဝင်ငွေနည်းသော အတန်းအစားများဖြစ်၏ ။ အားလုံး နယ်မှလာကြသူများချည်းဖြစ်သည်။

သိင်္ဂီမော်နှင့် တစ်ခန်းထဲအတူနေသည့် ဟန်နီမှာလည်း စားသောက်ဆိုင်တစ်ဆိုင်မှ အလုပ်သမားပင်ဖြစ်လေသည်။ သို့သော် ဟန်နီအလုပ်လုပ်တဲ့ စားသောဆိုင်က သိင်္ဂီမော် လုပ်တဲ့ ဆိုင်မျိုးမဟုတ်။ ညနေပိုင်းမှ ညသန်းခေါင်ထိဖွင့်သော ဆိုင်မျိုးဖြစ်သည်။ တီးဝိုင်းရှိ သည်။ အဆိုတော်များရှိသည်။ တီးဝိုင်းနှင့်အဆိုတော်များ အတူတွဲထိုင်ရန် အသင့်ရှိနေသည့် မိန်းကလေးများဖြင့် ဆွဲဆောင်ကာ အရက်နှင့်အစားအသောက်ကို ဈေးကြီးကြီးနှင့်

ရောင်း ချသောဆိုင်မျိုး ဖြစ်ပါသည်။

ဟန်နီသည် ထိုဆိုင်၌ စားပွဲထိုးလိုလို၊ ဘာလိုလို မိန်းကလေးတစ်ယောက်ဖြစ်သည်။ တကယ့်စားပွဲထိုးအစစ်လည်းမဟုတ်။ စားပွဲထိုးသည့်ယောကျ်ားလေးဝန်ထမ်းများ ရှိပြီးဖြစ် သည်။ ဟန်နီတို့လို မိန်းကလေးများက ဧည့်သည်များလာလျှင် ဧည့်သည်များနှင့် တွဲထိုင် ရသည်။ ထိုဆိုင်မျိုးသို့ လာသောသူများကလည်း မိသားစုနှင့်လာခြင်းမဟုတ်။ အမျိုးသမီး အဖော်ပင်မပါ။ အရက်လာသောက်ရင်း ဟန်နီတို့လို မိန်းကလေးများနှင့် ပွတ်သီးပွတ်သပ် အရောတဝင်နေရန် တမင်သက်သက် လာကြသူများဖြစ်သည်။ ငွေပေါသူများဖြစ်သည်။

လာနေကျဧည့်သည်များက မိမိနှစ်သက်ရာ မိန်းကလေးများကို မှတ်ထားကာ အတူ တွဲထိုင်ဖို့ တောင်းဆိုကြသည်။ ဟန်နီသည် အတူတွဲထိုင်လိုသူ အတော်များသည့် ပေါ်ပြူ လာဖြစ်သော မိန်းကလေးတစ်ယောက်ဖြစ်ပါသည်။ ထိုသို့ အတူတွဲထိုင်ရန် ဖိတ်ခေါ်ခံရ သည့်အတွက် ဟန်နီတို့တာဝန်က အရက်ငှဲ့ပေးရသည်။ အမြည်းခွံ့ကျွေးရသည်။ ဧည့်သည် ယောကျ်ား၏ ပွတ်သီးပွတ်သပ်ကိုင်တွယ်မှုကို မငြူစူပဲ ခံရသည်။ အနမ်းပင်ခံရတတ်ပါ သည်။ သို့သော် ဒါတွေအတွက် ဟန်နီတို့ရသည့်ငွေက တန်ရာတန်ဖိုးဟု ဆိုလောက်ပေ သည်။

ဧည့်သည်နှင့်အတူ တွဲထိုင်ရုံ၊ အလွန်ဆုံး အနမ်းခံရုံလောက်နှင့် ထိုဧည့်သည် ယောကျ်ား၏ အိတ်ထဲမှ တစ်ထောင်တန်ငွေစက္ကူတွေ ထွက်လာတတ်သည်။ မုန့်ဖိုးဆိုကာ မူးနေချိန်တွင် ရက်ရက်ရောရော ပေးကမ်းလေသည်။ တစ်ညတစ်ညတွင် သောင်းဂဏန်းချီ ၍ ဟန်နီတို့ရတတ်သည်။ ဟန်နီတို့အနေဖြင့် ဆိုင်မှ လခရယ်လို့ တစ်ပြားတစ်ချပ်မှ မရပါ။ ဆိုင်မှာလာထိုင်ခွင့်ပေးတာပင် ကျေးဇူးကြီးလှပေပြီ။ ဝင်ငွေကတော့ ကိုယ်လည်ရင် လည် သလို ရှာပေတော့။

ဟန်နီက ရင်းနှီးလာချိန်တွင် သူမ၏ လုပ်ငန်းသဘောသဘာဝကို

သိင်္ဂီမော်အားပြော ပြသည်။ သိင်္ဂီမော်ကိုလည်း သူအလုပ်လုပ်သည့်ဆိုင်တွင် လုပ်ပါလားဟု ဆွယ်လေသည်။ တကယ်တော့ ဟန်နီသည် စေတနာဖြင့် သိင်္ဂီမော့်ကို ဆွယ်ခဲ့ခြင်းဖြစ်ပါသည်။ ပင်ပန်းတာ နဲ့မမျှ တစ်လမှ တစ်သောင်းခွဲလောက်နှင့် အလုပ်လုပ်နေရသည့် သိင်္ဂီမော့်ကို သနား၍ အလုပ်ကောင်းကောင်းရှာပေးခြင်း ဖြစ်ပါသည်။ သိင်္ဂီမော်လုပ်မည်ဆိုပါက ဆိုင်ပိုင်ရှင်ကို ဆိုင်ထိုင်ခွင့် တောင်းပေးရဦးမည်။ သိင်္ဂီမော်ကလှတော့ ဆိုင်ရှင်က လက်ခံမှာပါ။

ဟန်နီအပြောကောင်းသည့်အတွက် သိင်္ဂီမော်သည် ပတ္တမြားနတ်မယ်ဆိုသည့် စား သောက်ဆိုင်၌ အလုပ်ဝင်လုပ်ဖြစ်လေသည်။ ပတ္တမြားနတ်မယ်ဆိုင်က ပြင်ဦးလွင်မြို့ အထွက် သိပ္ပံလမ်းပေါ်၌ ရှိလေသည်။ အလုပ်ဝင်တော့ သိင်္ဂီမော်နာမည်ကိုဖျောက်၍ မိုးအိ န္ဒြာမော် အမည်ဖြင့် အလုပ်ဝင်ခဲ့ခြင်းဖြစ်သည်။ ဒီလောကမှာ ဒါလည်း ဆန်းတော့မဆန်း။ ဟန်နီသည်ပင် အမည်ရင်းမဟုတ်ပါ။ ဟန်နီ့အမည်ရင်းက မြသက်မူ ဖြစ်သည်။

မိုးအိန္ဒြာမော်သည် ဟန်နီထက်ပင် အောင်မြင်ခဲ့လေသည်။

သိင်္ဂီမော်သည် နဂိုကတည်းက အဆိုဝါသနာပါသည်။ ဆိုလည်း ဆိုဖူးသည်။ မိတ္ထီ လာမှာတုန်းက အရပ်ပွဲများ စင်ပေါ်ထိတက်ဆိုဖူးသည်။ အဆိုဝါသနာပါ၍ အသံရသော သိင်္ဂီမော်က စင်ပေါ်တက်၍ တီးဝိုင်းဖြင့် သီချင်းဆိုခွင့်ပြုရန် ဆိုင်ပိုင်ရှင်ကို တောင်းဆိုလိုက်သည်။

ဆိုင်ရှင်က သိင်္ဂီမော်၏ အသံနှင့် ဆိုပုံဆိုဟန်ကို စစ်ဆေးကြည့်ပြီး စင်ပေါ်တက်ခွင့်ပြု လိုက်လေ၏ ။ စင်ပေါ်မှာသီချင်းဆိုရသည်က ဆုချီးမြှင့်ငွေလဲရသည်။ ပန်းကုံးတို့ သရဖူ တို့ချီးမြှင့်လျှင်လည်း ကော်မရှင်ဖြင့်ရသည်။ အဆိုတော်တစ်ယောက်အဖြစ်ရသည့်ငွေသည် ယောကျ်ားများနှင့် ပလူးပလဲလုပ်ပြီးမှရသည့်ငွေထက် သန့်ရှင်းပါသည်။

မိုးအိန္ဒြာမော်၏ သီဆိုဟန်များကို ဧည့်သည်များကလည်း

နှစ်သက်ခဲ့ပေသည်။ ပန်းကုံးများ၊ သရဖူးများ ပလူပျံနေအောင်ချီးမြှင့်ကြသည်။ မိုးအိန္ဒြာမော် ဆိုပါ - ဆိုပါ ဟုလည်း မကြာခဏ ပွဲတောင်းခံရသည်။

မိုးအိန္ဒြာမော်၏ လူကြိုက်အများဆုံး သီချင်းမှာ ပိုးစုန်းကြူးလေး သီချင်းဖြစ်သည်။

ညတုန်းက တွေ့ရတဲ့ ကောင်ကလေးတစ်ယောက် ...

ပျောက်သွားလို့ လိုက်ရှာနေတယ် ....

မှောင် မိုက် တဲ့ ညအလယ် ...

ပိုးစုန်းကြူးလေးရယ် ...

ဖွေရှာသူမောလို့ ငိုရတော့မယ် ...

ဖွေရှာသူမောလို့ ငိုရတော့မယ် ...

ဖွေရှာသူမောလို့ ငို ... ငိုရတော့မယ် ...

ဆိုသည့်သီချင်းဖြစ်သည်။ ထိုသီချင်းကို မိုးအိန္ဒြာမော်သီဆိုတော့မည် ဆိုသည့်အခါ စင်တစ်ခုလုံးကို အမှောင်ချလိုက်သည်။ နောက်ခံပိတ်ကားကိုသာ ဆလိုက်မီးအရောင် လဲ့လဲ့လေး ထွန်းထားသည်။ မိုးအိန္ဒြာမော်၏ သီဆိုသံသည် တီးလုံးနှင့်အတူ ပေါ်ထွက် လာသည်။ လူက စင်ပေါ်တက်မလာသေး။ သီချင်းအစပိုဒ် ဆိုပြီးချိန်မှ စင်၏ ညာဘက် ထောင့်မှနေ၍ မိုးအိန္ဒြာမော် ပေါ်ထွက်လာလေသည်။ ထိုအချိန်တွင် ပိုးစုန်းကြူးလေးများ ပြေးလွှားပျံသန်းနေသည့်သဖွယ် ဆလိုက်မီးအနီရောင်လေးများက စင် ဝဲ-ယာ တစ်လျှောက် ပြေးနေလေသည်။ ပိုးစုန်းကြူးသဏ္ဌာန်လေးများကို မှိတ်တုတ်မှိတ်တုတ် မြင်ရစေရန် စင်တစ်ခုလုံးကို မီးမထွန်းပဲ ထားရလေ၏။ မိုးအိန္ဒြာမော်၏ သီချင်း သီဆိုနေသောဟန်ကို နောက်ခံပိတ်ကားတွင် ထိုးထားသော ဆလိုက်မီးအရောင်လဲ့လဲ့နှင့် ပိုးစုန်းကြူးသဏ္ဌာန် အနီရောင်မီး မှိတ်တုတ်မှိတ်တုတ်လေးများကြားမှ

မြင်နိုင်လေသည်။ ထိုအခါ မိုးအိန္ဒြာမော် ကိုလည်း သီချင်းအစအဆုံး သဲကွဲစွာမမြင်ရဘဲ သီချင်းကို သရုပ်ဖော်ထားသည့် ပြကွက် မှိန်မှိန်အောက်၌ လှုပ်ရှားသီဆိုနေသည်ကိုသာ မြင်ရလေ၏ ။

ပရိတ်သတ်ကို ဘဝင်ခိုက်စေသော ပြကွက်များ စင်ပေါ်မှ မိုးအိန္ဒြာမော်က လက်နှိပ် ဓာတ်မီးကလေးဖြင့် ပရိတ်သတ်ထဲသို့ ထိုးကြည့်သော ပြကွက်ဖြစ်လေသည်။

ပိုးစုန်းကြူးလေးသီချင်း ဖျော်ဖြေနေသော တလျှောက်လုံး စင်မြင့်ကိုရှော စားသောက် သူများရှိသည့်ခန်းမကိုပါ မီးများပိတ်ထားလေသည်။ မိုးအိန္ဒြာမော်က စင်မြင့်ပေါ်တွင် သီချင်းဆိုရင်းမှ သီချင်းအဓိပ္ပာယ်အတိုင်း ချစ်သူပျောက်ကိုရှာဟန်ဖြင့် လက်တစ်ဝါးအရွယ် ဓာတ်မီးကလေးဖြင့် စားသောက်ဝိုင်းထဲသို့ထိုး၍ ကြည့်လေသည်။

ဓာတ်မီးဖြင့်လှမ်း၍ အထိုးခံရသော သကောင့်သားများက မိမိထံသို့ ဓာတ်မီးအလင်း ရောင် ရောက်လာတိုင်း ဟေးကနဲ ဟေးကနဲ အော်ကြလေသည်။ တချို့ကတော့ မိုးအိန္ဒြာ မော် မြင်ရစေရန် မတ်တပ်ထရပ်ပြလိုက်သေးသည်။

ဤသည်ကား မိုးအိန္ဒြမော်၏ စင်မြင့်ထက်မှ အောင်မြင်မှုပင်တည်း။

မိုးအိန္ဒြာမော်၏ ပိုးစုန်းကြူးလေးသီချင်း သရုပ်ဖော်သီဆိုဟန်ကို အလွန်လူကြိုက် များလှပေသည်။ မကြာခဏ ပွဲတောင်းခံရသည်။ နေ့စဉ်လိုလို သီဆိုပြရသည်။

သိင်္ဂီမော် အောင်မြင်လာသည်နှင့်အမျှ ဝင်ငွေလည်း တိုးလာခဲ့သည်။ မိတ္ထီလာရှိ မိဘများထံ ငွေပို့ပို့နိုင်ခဲ့သည်။

သိင်္ဂီမော် အောင်မြင်နေသည့်အချိန်တွင် သော်ဇင်ထွေး ဆယ်တန်းအောင်ကာ မန္တလေးသို့ ရောက်လာခြင်းဖြစ်သည်။ မန္တလေး နည်းပညာတက္ကသိုလ်တွင် တက်ရောက် ခွင့်ရသည်။

“မမရယ် … မမ ဒီလို စင်မြင့်ပေါ်တက်ပြီး အရက်သမားတွေကို သီချင်းဆိုပြနေရတာ သော် မကြည့်ရက်ဘူးဗျာ”

“သော်ရယ် … မမက အလုပ်လုပ်နေတာပါသော်၊ ငွေရှာနေတာပါ”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ အရက်သမားတွေ ဖျော်ဖြေမှရတဲ့ငွေက သန့်ရှင်းပ့ါမလား မမ”

“သော်က အတွေးခေါင်ပြန်ပြီကွယ်၊ သီချင်းဆိုပြတယ်၊ နှစ်သက်တဲ့လူက မမကို ဆုချတယ်၊ ချီးမြှင့်တယ်၊ ဒါ ဘာဖြစ်လဲ၊ ညစ်ညမ်းမှုမပါဘူး သော်၊ အရက်သမားတွေနဲ့ အတူထိုင်ပြီး ပရောပရီလုပ်ရတာ ကမှ စိတ်မသန့်စရာပါ သော်ရယ်”

“အဲဒါကိုပြောတာပေ့ါ၊ မမလုပ်နေတဲ့ ဆိုင်က နာမည်ကြီး”

“ဟုတ်တယ်၊ ပတ္တမြားနတ်မယ်ဟာ နာမည်ကြီး ဆိုင်တစ်ဆိုင်ပဲ၊ အဲဒါကြောင့်လဲ မြို့ အပြင်ကဆိုင်ကို မြို့ထဲကလူတွေတောင် ကားနဲ့ဆိုင်ကယ်နဲ့ တကူးတက လာကြတာပေ့ါ”

“အဲဒီ လို နာမည်ကြီးတာကိုပြောတာမဟုတ်ဘူးဗျ၊ မမတို့ဆိုင်က မိန်းကလေးတွေက ရတယ်တဲ့”

“ဘာ - ရတယ်”

“ဟုတ်တယ်၊ ရတယ် - ဆိုတာ အပြင်ကိုခေါ်ထုတ်လို့ ရတယ်လို့ ပြောတာ၊ ပိုက်ဆံ ပေးခေါ်ရင်ရတဲ့ ကြေးစားတွေလို့ပြောတာ၊ အရက်မူးနေတဲ့ ယောကျ်ားတွေကို ချူစားနေတဲ့ ကြေးစားတွေ”

“သော်ရယ် … ဘယ်နေရာမှာမဆို ဒါမျိုးဟာရှိတာပါပဲ၊ မမတို့ဆိုင်မှာ ဒီလိုလိုက်တဲ့ မိန်းကလေးမရှိဘူးလို့ မမ မငြင်းချင်ပါဘူး၊ သူတို့ကိုလည်း မဝေဖန်ချင်ပါဘူ၊ မမက အဆို တော်ပါ သော်၊ အဆိုတော်က ဧည့်သည်တွေနဲ့

နီးစပ်မှု မရှိပါဘူး၊ သီချင်းဆိုဖျော်ဖြေရုံပါ။ ကိုယ့်ဘက်က ရိုးသားရင် သန့်ရှင်းရင် ပြီးရောမဟုတ်လား”

“သီချင်းမဆိုခင်က မမလည်း ဝိုင်းထဲမှာ ထိုင်ခဲ့ရတာ ဆို”

“ဟုတ်ပါတယ်၊ အလုပ်သဘောအရပါ၊ ဝိုင်းထိုင်တုံးက ယောကျ်ားတွေနဲ့ ဒွေးရော ယှက်တင်နေရတာ ၊ ပရောပရီလုပ်ရတာ မမ မငြင်းပါဘူး၊ အလုပ်သဘောအရကိုး၊ သူတို့ ပွတ်သီးပွတ်သတ်လုပ်တာလည်း သည်းခံခဲ့ရတာ ပါပဲသော်၊ မမ မညာပါဘူး၊ ဒါပေမဲ့ ဝိုင်း ထိုင်တဲ့ မိန်းကလေးတွေအားလုံးက ကြေးစားတွေ ခေါ်ရာလိုက်တဲ့ သူတွေတော့မဟုတ်ပါ ဘူး သော်ရယ်။ တချို့လဲ ရှိတော့ရှိတာပေ့ါ၊ အများအားဖြင့်က အလုပ်သဘောအရ လုပ်နေ ရတာ ပါ။ အဲဒါကြောင့်လည်း မမ စင်ပေါ်ရောက်အောင် ကြိုးစားခဲ့တာလေ၊ သီချင်းဆိုတတ် လို့ စင်ပေါ်က ဖျော်ဖြေရတော့ အရက်သမားတွေနဲ့ ဝေးရော မဟုတ်လား”

“မမ ဒီလိုဖျော်ဖြေနေရတာ ကို သော်က စိတ်မကောင်းတာပါ”

“စိတ်မကောင်း မဖြစ်ပါနဲ့ သော်၊ မမကိုလည်း စိတ်ချပါ၊ မမဘယ်တော့မှ မပျက်စီးစေရဘူး”

“မမနဲ့တစ်ဆောင်ထဲနေတဲ့ ဟန်နီဆိုတာကတော့ နာမည်ကြီးပဲနော်”

“မမမှာ ဟန်နီ့ကျေးဇူးရှိပါတယ်။ သူပြောပေးလို့ ဒီဆိုင်ရောက်ရတာ ၊ ဟန်နီက စိတ်ကောင်းရှိပါတယ်။ ဒါပေမဲ့ လူတစ်ယောက် သူယုံကြည်လို့ လုပ်နေတဲ့အလုပ်ကိုတော့ မဝေဖန်ချင်ဘူး။ မကဲ့ရဲ့ချင်ဘူးကွယ်။ သူ့ဘဝနဲ့သူပဲကိုး။ မမကတော့ သီချင်းဆိုတဲ့ အလုပ်လုပ် ရလို့ ဝင်ငွေကောင်းလာတယ်။ မိဘတွေကို ထောက်ပံ့နိုင်တာနဲ့တင် မမကျေနပ်လှပြီ။ မမကို သီချင်းဆိုခွင့်ပေးပါဦးသော်။ တခြားအလုပ်တစ်ခုလုပ်ဖို့ အရင်းအနှီးရတဲ့ အထိပေ့ါ။ မမကို စောင့်ကြည့်နေပါ။ မမ မပျက်စီးစေရပါဘူး။ မမ ဘဝဟာ သော့်အတွက်ပါ သော်ရယ် ...”

“ကျွန်တော် မန္တလေးရောက်ခါစက သဝန်တိုစိတ်နဲ့ မမ

စင်မြင့်ဖျော်ဖြေပွဲရှိတဲ့ စား သောက်ဆိုင်မှာ သီချင်းဆိုနေတာကို တားမြစ်ခဲ့ပါသေးတယ်၊ ဒါပေမဲ့ မမမော်က သူ့အလုပ် အတွက် စိတ်သန့်ရှင်းခဲ့တယ်၊ မိဘကို လုပ်ကျွေးနိုင်လို့ ဂုဏ်ယူခဲ့တယ်”

သိင်္ဂီမော်၏ တည်ကြည်သော အနေအထိုင်ကြောင့် နောက်ပိုင်းတွင် သော်ဇင်ထွေး ကိုယ်တိုင် သဘောတူခဲ့ရသည်။ သိင်္ဂီမော်သည် သူ့တာဝန်ရှိသည့်အလုပ်ကိုပဲလုပ်သည်။ နေ့လည်ပိုင်းမှာ သီချင်းလေ့ကျင့်သည်။ ညပိုင်းတွင် သီချင်းဆိုသည့် အခါများမှာလည်း ပရိသတ်ကို စိတ်ပါလက်ပါ ဖျော်ဖြေသည်။ တီးဝိုင်းသမားများနှင့်လည်း လုပ်ငန်း သဘော အရသာ ဆက်ဆံသည်။

မိုးအိန္ဒြာမော်၏ လှပချောမောမှုကြောင့် မိုးအိန္ဒြာမော်ကို ရယူပိုင်ဆိုင်ရန် ကြိုးစားသူ များရှိပါသည်။ တစ်သက်လုံးအတွက် ရည်ရွယ်သူရှိသလို၊ တဒင်္ဂသာယာပျော်မွေ့ဖို့ ချည်း ကပ်သူများလည်း ရှိပေသည်။ မိုးအိန္ဒြာမော်က အားလုံးကို အလိမ္မာနှင့် ငြင်းပယ်ခဲ့သည် ချည်း ဖြစ်သည်။ မိုးအိန္ဒြာမော်သည် အလုပ်ချိန်တွင် စားသောက်ဝိုင်းထဲသို့ ထွက်မထိုင်၊ စင်နောက်မှာပဲ အေးဆေးစွာထိုင်နေတတ်သည်။ သူ့အလှည့်ကျမှ စင်ပေါ်တက်လာတတ် ၏ ။ မိုးအိန္ဒြာမော်ကို ရလိုရငြားဖြင့် ယောကျ်ားများ ချဉ်းကပ်ကြခြင်းမှာ ဟန်နီ့ကြောင့်ဟု ဆိုရမည်။ သိင်္ဂီမော် ဣန္ဒြေရသလောက် ဟန်နီက ရွှက်ဝါလေးနှယ် လေလွင့်ချင်သူဖြစ်၏ ။ ဆိုင်ကိုလာနေကျ ဖောက်သည်လူငယ်လေးများနှင့် ရည်းစားဖြစ်သည်။ ရည်စားသက်ရှည် ကြာသော ရည်စားများလည်း မဟုတ်ကြ။ ယောကျ်ားလေးများကို ငြီးငွေ့လွယ်သော ဟန်နီ သည် တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေတတ်သည်။ ကြာတော့ ဟန်နီ၏ စရိုက် ကြောင့် ဟန်နီ့အပေါ်မှာ ယောကျ်ားများအမြင်က ပြောင်းလဲလာလေသည်။ ဟန်နီက ယောကျ်ားတွေကို ချစ်ချင်ယောင်ဆောင်၍ ချူစားသူဟု မြင်လာကြသည်။ ဟန်နီကလည်း ရည်းစားများပေးသော လက်ဆောင်ပစ္စည်းများအပေါ်၌ တပ်မက်တတ်သူဖြစ်သည်။

ချစ်သူ များပွဲပိုးသော လက်ဆောင်ပစ္စည်းကိုယူ၊ မုန့်ဖိုးဟု အကြောင်းပြကာပေးသော ငွေကြေးကို လက်ခံမိသော ဟန်နီသည် ရသောလက်ဆောင်ငွေကြေးနှင့် တန်မျှအောင် ထိုသူ၏ အလို ဆန္ဒအား လိုက်လျောရလေတော့သည်။ သည်လိုနှင့် ဟန်နီသည် လူအများအမြင်၌ ချူစား မြူစားသူ ငွေရလျှင် ယောက်ျားတစ်ယောက်ကိုလက်ခံသူအဖြစ် သတ်မှတ်လာကြတော့၏ ။

ဟန်နီကား ပတ်ဝန်းကျင်အမြင်ကို ဂရုစိုက်သူမဟုတ်။ ဘယ်သူတွေ ဘာပြောပြော ကိုယ်ပျော်သလို ကိုယ်နေသည်။

"မမ ဟန်နီနဲ့ တစ်ဆောင်တည်း အတူမနေပါနဲ့လားဗျာ၊ ဟန်နီသိပ်နာမည်ပျက်နေ ပြီ၊ မမကိုလည်း လူတွေက သူ့လိုမိန်းလေးလို့ ထင်ကြလိမ့်မယ်"

သော်ဇင်ထွေး ပြောခဲ့ဖူးပါသည်။

"ဟန်နီဟာ စိတ်ထားကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါသော်။ မမကို ဒီဆိုင်မှာ အလုပ်သွင်းပေးခဲ့ပြီး မမက သူ့ထက်အောင်မြင်သွားပေမယ့် သူ မမကို မနာလိုဖြစ်ရှာဘူး၊ မမအောင်မြင်မှုကို ဂမ်းသာနေရှာတယ်။ မမကိုလည်း အရမ်းခင်တယ်၊ ဘာအကြောင်းပြ ချက်မှမရှိဘဲ သူနဲ့ခွဲနေမယ်ဆိုရင် သူ့ကို စော်ကားရာကျမှာပေ့ါ သော်ရယ်။ ဟန်နီက ရည်းစား များပေမယ့် စိတ်ထားဖြောင့်မတ်ပါတယ်"

သိင်္ဂီမော်က ဟန်နီ့ဘက်မှ ရပ်တည်သည်။ သိင်္ဂီမော့်အကြောင်းပြချက်က လုံလောက် နေတော့လည်း သော်ဇင်ထွေး ဘာမှမပြောသာခဲ့ပေ။

"သော် ကျောင်းပြီးချိန်နဲ့ မမငွေစုဆောင်းမိချိန် အံကိုက်ဖြစ်အောင် မမကြိုးစားနေ တယ် သော်၊ သော် ကျောင်းပြီးရင် မမတို့ လက်ထပ်မယ်၊ အရင်းအနှီးပြည့်စုံရင် မမတို့ တခြားအလုပ်တစ်ခု ပြောင်းလုပ်ကြတာပေ့ါ"

သို့သော် အခြေအနေတွေက ပြောင်းလဲသွားသည်။ ပြောင်းလဲသွားသော

အခြေ အနေများကြောင့် သိင်္ဂီမော်သီချင်းဆိုသည့်အလုပ်ကို အချိန်အတော်ကြာ ဆက်လုပ်ဖို့ဖြစ် လာခဲ့သည်။

သော်ဇင်ထွေး ဒုတိယနှစ်တက်နေချိန်တွင် သော်ဇင်ထွေး၏ ဖခင်သေဆုံးသွားခြင်း ဖြစ်သည်။ နဂိုကတည်းကပင် သော်ဇင်ထွေးတို့ မိသားစုမှာ ဝင်ငွေကောင်းလှသည် မဟုတ် ပေ။ မွေးချင်းတွေလည်း များလှသည်။ သော်ဇင်ထွေးကို အကြီးဆုံးသားဖြစ်၍ သာ ဆယ် တန်းအောင်ချိန်တွင် ရှိသမျှနှင့် အားတင်း၍ တက္ကသိုလ်ပို့ခဲ့ခြင်း ဖြစ်သည်။ ဖခင်ကြီးကွယ် လွန်သွားတော့ သော်ဇင်ထွေးကို ကျောင်းစရိတ် ဆက်မထောက်ပံ့နိုင်တော့။ ကျောင်းထွက် ပြီး ပြန်လာရန်၊ အဝေးသင်ဆက်တက်ရန် မိခင်ကြီးက ပြန်ခေါ်နေပြီ။

သိင်္ဂီမော်က ကျောင်းစရိတ်ကို သူထောက်ပံ့မည်ဟုဆိုသည်။ သော်ဇင့်ကို ကျောင်း ထွက်မခံ။ ကျောင်းစရိတ်အားလုံး သိင်္ဂီမော်က ထောက်ပံ့ခဲ့၏ ။ နယ်မှ ကျောင်းလာတက် သော တက္ကသိုလ်ကျောင်းသားတစ်ယောက်အတွက် စရိတ်စက မနည်းလှပါ။ မမမော်သည် သော့်ကိုချစ်ကြောင်း ဤနည်းဖြင့် သက်သေပြခဲ့လေသည်။

မမတော်ဝင်ငွေမနည်းလှပါ။ အိမ်ကိုလည်းထောက်ပံ့နိုင်သည်။ သူ့အတွက်လည်း ကျောင်းစရိတ်ပေးနိုင်သည်။ သူ့ကို မော်တော်ဆိုင်ကယ်တစ်စီးပင် ဝယ်ပေးနိုင်ခဲ့သည်။ သော်ဇင်တက်ရသည့်ကျောင်းက မန္တလေးတောင်၏ မြောက်ဖက်ရှိ အောင်ချမ်းသာရွာမှာရှိ သည်။ သော်ဇင်နှင့် သိင်္ဂီမော် တစ်မြို့ထဲအတူနေသည်ဆိုသော်လည်း မန္တလေး၏ တောင် စွန်းနှင့် မြောက်စွန်းဖြစ်နေသည်။ သွားဖို့ လာဖို့ တွေ့ဆုံဖို့ အလှမ်းဝေးလှပါသည်။ မမမော် ဆိုင်ကယ်ဝယ်ပေး၍ နှစ်ယောက်တွေ့ဖို့ သွားဖို့ လာဖို့ အဆင်ပြေသွားခဲ့သည်။

စနေနေ့ညနေနှင့် တနင်္ဂနွေနေ့ညနေများမှာ သော်ဇင်ထွေး သိင်္ဂီမော်နေသည့် အဆောင်ကို ရောက်လာတတ်သည်။ မမမော်ကို စားသောက်ဆိုင်လိုက်ပို့သည်။ ညဆယ် နာရီ ဆယ့်တစ်နာရီအထိစောင့်ကာ

ဆိုင်အပြန် ကြို့ပေးသည်။

သည့်လိုပုံစံအတိုင်း သူတို့ လည်ပတ်ခဲ့တာ ကြာခဲ့ပါလေပြီ။

အခင်းဖြစ်တဲ့နေ့၊ ယနေ့ စနေနေ့မှာတော့ ...

သော်ဇင်ထွေးသည် စနေနေ့မတိုင်ခင် သောကြာနေ့ညကပင် စိတ်ထဲ၌ စနိုးစနောင့် ဖြစ်ခဲ့ရသည်။

မနေ့က မက်ခဲ့တဲ့အိပ်မက်သည် နိမိတ်မကောင်း။

အိပ်မက်ထဲမှာ မမကို လူတစ်ယောက်က ဓားနှင့်ထိုးသတ်လိုက်သည်။ သစ်ပင်တစ် ပင်အောက်မှာ ပြီးတော့ လူသူပြတ်လတ်သော သစ်တောကြီးထဲမှာ။ လူသတ်သမားက မမ ရင်ဂကို ဓားဖြင့်ထိုးစိုက်လိုက်သည့်အခါ မမမြေပေါ်လဲကျသွားခဲ့သည်။ ထို့နောက် သိင်္ဂီမော် ၏ အလောင်းသည် မြေပေါ်မှ ပြန်ထလာသည်။

"သော်ရေ ... မမကိုကယ်ပါဦး၊ မမကိုလာကယ်လှည့်ပါ"

ဟုအော်ရင်း မြေကြီးပေါ်သို့ တစ်ဖန်ပြန်၍ လဲကျသွားလေသည်။ အိပ်မက်ကလန့်နိုးတော့ သော်ဇင့်တစ်ကိုယ်လုံး ဓာချွေးတွေပြန်နေသည်။ လူကလည်းမောနေသည်။ အိပ်မက်က ဆိုးလှချည်လား။ နိမိတ်မကောင်းပါလား။ သော်ဇင့်စိတ်ထဲ လေးနေသည်။

သော်ဇင်သည် သိင်္ဂီမော်ရှိရာ ချက်ချင်းပြေးသွားချင်စိတ်ပေါက်လာသည်။ ညသန်းခေါင်အချိန်ဖြစ်၍ စိတ်ကို ထိန်းထားရသည်။ အပြင်မှာများ အိပ်မက်ထဲကလို မမ တကယ်ဖြစ်နေမလား။ အိုး ... လွဲပါဖယ်ပါစေ။

မနက်မိုးလင်းသည်နှင့် သော်ဇင်မြို့ထဲသို့ ထွက်ခဲ့လေသည်။

*